# ဝါတွင်းကာလ ဒုတိယတနင်္ဂနွေနေ့

ရှင်လုကာ ၉း၂၈-၃၆

ဘုရားက ဖန်ဆင်းပေးလိုက်တဲ့လူတွေက တိုးပွါးများပြားလာကြပေမဲ့ ကိုယ့်ဖန်ဆင်းရှင်ဘုရားကို မေ့လျော့လာကြတယ်။ ဘုရားကိုတောင် မယုံကြည်တဲ့လူတွေပါ ရှိလာကြပါပြီ။ ဒါကို ဘယ်လိုလုပ် ပြုပြင်ပေးရင် ကောင်းမလဲလို့ ဘုရားမှာ စိတ်ကူးရှိပါတယ်။ အဲ့ဒါကတော့ ဘုရားက လူမျိုးတစ်မျိုးကို ရွေးကောက်ပြီးတော့ ပရောဖက်တွေ စေလွှတ်ပေးခြင်းအားဖြင့် ဘုရားတရားကို ဟောပြောစေမယ်။ ဒီလိုနဲ့ ဘုရားရွေးကောက်ထားတဲ့ လူမျိုးတော်မှတစ်ဆင့် ကမ္ဘာပေါ်ရှိလူအားလုံးလည်း ဘုရားကို ယုံကြည်လာစေပြီး ဘုရားရဲ့သားသမီးတွေ ဖြစ်လာစေဖို့ပါပဲ။

ဒါကြောင့် ပထမလုပ်ရပ်အနေနဲ့ အာဗြဟံဆိုတဲ့လူတစ်ယောက်ကို ရွေးကောက်ပြီးတော့ သူ့ရဲ့သားစဉ်မြေးဆက်တွေကလည်း ကောင်းကင်က ကြယ်တွေလို များပြားလာစေမယ်လို့ မိန့်တော်မူပါတယ်။ “မိုးကောင်းကင်ကို မော်ကြည့်လော့။ ကြယ်များကို ရေတွက်နိုင်လျှင် ရေတွက်လော့။ သင်၏အမျိုးအနွယ်သည် ထိုသို့ဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။”

အာဗြဟံဘက်ကကြည့်ရင်လည်း အခုလို အသက်ကြီးမှ ဘုရားက နေရာအသစ်ကို ရွှေ့ပြောင်းခိုင်းတယ်ဆိုတော့ ဘယ်လောက်ခက်ခဲလိုက်မလဲ၊ အခု နေနေတဲ့တိုင်းပြည်မှာ သူက နေသားကျနေပြီ၊ စီးပွါးရေးကလည်း အောင်မြင်နေတဲ့သူဌေးကြီး ဖြစ်နေပြီ။ အခု ဘဝသစ် စရမယ်ဆိုတော့ သူအတွက် ဘယ်လောက်ခက်ခဲမလဲဆိုတာ တွေးကြည့်ပါ။ ဘာပဲဖြစ်ဖြစ် အာဗြဟံကတော့ ဘုရားရဲ့စကားကို ယုံကြည်နာခံပါတယ်။ ဒါကြောင့် သူ့ကို ယုံကြည်သူတို့ရဲ့ဖခင်လို့ အမွှန်းတင် ခေါ်ဝေါ်ကြပါတယ်။

အဲ့ဒီလို လူကို ဘုရားရဲ့သားသမီးဖြစ်စေဖို့၊ ဘုရားနဲ့အတူ ထာဝရအသက်ချမ်းသာရစေဖို့ ဖိတ်ခေါ်တာကို လူက လွတ်လွတ်လပ်လပ် လက်ခံနိုင်တယ်/ ငြင်းပယ်နိုင်တယ်။ ကံဆိုးချင်တော့ နောင်လာနောင်သား အာဗြဟံရဲ့သားစဉ်မြေးဆက်က ဘုရားကို ငြင်းပယ်လာကြတယ်၊ မိုးဇယ်မှတစ်ဆင့် ပေးခဲ့တဲ့ ပညတ်တော်တွေကိုလည်း မလိုက်နာကြတော့ပါဘူး။

အဲဒီလို ပျက်ပြားလာတဲ့ ဘုရားနဲ့သူတို့ရဲ့ဆက်ဆံရေးကို ပြန်လည် ကောင်းမွန်လာစေဖို့/ ပြန်လည်ကြေအေးလာစေဖို့ သားတော်ဘုရား ယေရှုဘုရားရှင်ကပဲ ဒုက္ခခံ၊ အသေခံ၊ သေရာမှပြန်ရှင်ခြင်းအားဖြင့် လူတွေကို ဘုရားရဲ့သားသမီးများ ပြန်လည်ဖြစ်စေပါတယ်။ ယုံကြည်လာစေပါတယ်။

ဒီလိုယုံကြည်လာစေဖို့အတွက် ယေရှုဘုရားရှင်က လက်ရွေးစင်တပည့်တော်ကြီး (၃)ပါးရှေ့မှာ သူ့ရဲ့ဘုရားအဖြစ်တော်ကို ခဏလောက် ပြသပေးပါတယ်။ ဒါကို “အဆင်းသဏ္ဍာန်ပြောင်းလဲခြင်း”လို့ ခေါ်ကြပါတယ်။ ဒီ အဆင်းသဏ္ဍာန်ပြောင်းလဲခြင်းမှာ မြင်လိုက်ရတဲ့ တပည့်တော်ကြီးတွေအတွက်တော့ ယေရှုခရစ်တော်ဟာ တကယ်ကို ဘုရားစစ်ဘုရားမှန်ပါလားဆိုတာ သေချာပေါက် သိခွင့်/မြင်ခွင့် ရသွားပါတယ်။ ယေရှုခရစ်တော်အတွက်လည်း ‘‘ဤသူသည် ငါချစ်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း’’ “ငါ၏ချစ်သား” ဆိုတဲ့ ခမည်းတော်ဘုရားရဲ့အသံတော်ကို ကြားလိုက်ရလို့ သားတော်ယေရှုအတွက်လည်း ဒုက္ခခံ၊ အသေခံနိုင်ဖို့အတွက် ခွန်အား ရရှိလာရပါတယ်။

ဒါကြောင့် အတိုချုပ်ပြန်ပြောရရင် အာဗြဟံကို ရွေးကောက်ပြီး ယုံကြည်သူတွေဖြစ်လာအောင် စုရုံးခေါ်ယူတယ်။ မိုးဇယ်မှတစ်ဆင့် ပေးခဲ့တဲ့ပညတ်တော်တွေကို လိုက်နာစေခြင်းအားဖြင့် ဘုရားရဲ့သားသမီး

ပီသလာစေတယ်။ ပရောဖက် ဧလိယကဲ့သို့ ပရောဖက်တွေကို စေလွှတ်တရားဟောစေခြင်းဖြင့် ဘုရားရဲ့သားသမီးတွေ ဘုရားကို သိကျွမ်းလာစေတယ်။ အဲဒီ ပရောဖက်များခေတ် ဓမ္မဟောင်းကာလနဲ့ ယေရှုဘုရားရှင် ဆင်းကြွလာတဲ့ ဓမ္မသစ်ကာလ အချိန်ကာလအားလုံးမှာ အဓိကအရေးကြီးဆုံးပုဂ္ဂိုလ်တော်မြတ်ကတော့ မိုးဇယ်လည်း မဟုတ်ဘူး၊ ဧလိယလည်း မဟုတ်ဘူး၊ သားတော်ဘုရားယေရှုပဲ ဖြစ်တော်မူတယ်ဆိုတာ ပြသလိုက်တာပါပဲ။

ယခုခေတ်ကာလမှာ လူတွေ ဘုရားရဲ့သားသမီးအဖြစ်စုရုံးစေတာကတော့ ခရစ်တော်ရဲ့ခန္ဓာတော် အသင်းတော်ကြီး/သာသနာတော်ကြီးပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဘုရားရဲ့ သားသမီးအဖြစ် ရွေးချယ်ခံထားရတဲ့ ဘာသာသူအားလုံးဟာလည်း ဘုရားရဲ့သားသမီးဖြစ်ရတဲ့အခွင့်အရေး ရရှိထားသလို သူတစ်ပါးတွေကို ခရစ်တော်အကြောင်း ဟောပြောသက်သေခံဖို့ တာဝန်ဝတ္တရားလည်း ရှိပါတယ်။ ဘာလို့လဲဆိုတော့ အာဗြဟံကို အာဗြဟံတစ်ယောက်အတွက်ပဲ ရွေးကောက်ထားတာ မဟုတ်ပါဘူး။ ကမ္ဘာပေါ်ရှိလူအားလုံး ဘုရားရဲ့သားသမီးဖြစ်စေဖို့အတွက် ရွေးကောက်ထားတာပါ၊ ကျနော်တို့ကို ရွေးကောက်ထားတာကလည်း တစ်ကမ္ဘာလုံးအတွက်ပါ။

ကျနော်တို့ခေတ်အချိန်ကာလမှာ လူတွေကို ဘုရားရဲ့သားသမီးဖြစ်ဖို့၊ ဘုရားကို ယုံကြည်သက်ဝင်လာစေဖို့ဆိုတာ တကယ့်စိန်ခေါ်ချက်ကြီး ဖြစ်နေပါပြီ။ ဘာလို့လဲဆိုတော့ လူအများစုက ဘုရားကို မယုံကြည်ကြလို့ပါပဲ။ ကျနော်တို့ အသင်းတော်အတွင်း/အပြင် ပြဿနာတွေလည်း ရင်ဆိုင်နေရပါတယ်။ အသင်းတော်အတွင်းမှာ လုပ်ရမှာက ဘုရားကို မိရိုးဖလာ အပေါ်ယံ ယုံကြည်နေတာမျိုး မဖြစ်စေရပဲ ကိုယ်နဲ့ဘုရားနဲ့ ထိတွေ့ခံစားရတဲ့ ယုံကြည်ခြင်းမျိုး ဖြစ်လာစေဖို့ ကျနော်တို့ ပြန်လည်နိုးထလာစေရမယ်။ စည်းလုံးညီညွတ်စေဖို့ ပေါင်းစည်းစရာ

လိုပါတယ်။ အသင်းတော်အပြင်က လာတဲ့စိန်ခေါ်ချက်တွေကတော့ ဘုရားရဲ့သားသမီးတွေက လောကဆံလာကြပြီ။ လောက ဥစ္စာပစ္စည်းအပေါ်မှာပဲ အာရုံတွေက ရောက်နေကြပြီ၊ ဘုရားကို အာရုံမစိုက်နိုင်ကြတော့ဘူး။ တဖြေးဖြေး ဘုရားရဲ့သားသမီးအဖြစ်ကနေ လောကလူ ဆံလာကြပြီ၊ လောကလူဆံလာရာကနေ တဖြေးဖြေးချင်း တိရစ္ဆာန် ဆံလာကြပါပြီ။ အိပ်မယ်၊ စားမယ်၊ သတ်မယ် ဖြတ်မယ်ပဲ။

အာပြဟံကို ယုံကြည်ခြင်းရဲ့ဖခင်အဖြစ် ခေါ်တော်မူသလို ကျနော်တို့ တစ်ဦးစီကိုလည်း သူတပါးတွေအတွက် ယုံကြည်ခြင်းကို သင်ပြပေးတဲ့သူတွေဖြစ်ဖို့ ဘုရားက ခေါ်တော်မူပါတယ်။ လောကသားတွေ လိုက်နာအတုယူချင်စရာတွေ ဖြစ်ရပါမယ်။ ယနေ့ဖတ်ရတဲ့ ဒုတိယကျမ်း ဖိလိပိဩဝါဒစာမှာ ရှင်ပေါလုကေ “ညီအစ်ကိုတို့ ငါ့အား အတုယူကြလော့။ ငါတို့ထံမှ သင်တို့ရရှိသည့် စံနမူနာအတိုင်း ပြုမူကျင့်ကြံသောသူတို့ကို သတိပြု၍ကြည့်ရှုကြလော့” တဲ့။ ဒါကြောင့် ယုံကြည်ခြင်းအကြောင်း ပါးစပ်ကလေးနဲ့ပဲ ဟောပြောရုံမျှမက သင့်ရဲ့ကျင့်ကြံနေထိုင်ပုံအားဖြင့်လည်း သူများ အတုယူစရာဖြစ်နေရပါမယ်။

ဒီလို ဘုရားအတွက် သက်သေခံဟောပြောဖို့တာဝန်ရှိကြတဲ့အတိုင်း ခရစ်ယာန်ဘဝအသက်တာက ကားတိုင်လမ်းကို လျှောက်နေတဲ့ ယေရှုဘုရားရဲ့စံနမူနာကို အတုယူနေကြတာပါပဲ။ “အကြင်သူသည် ငါ့နောက်သို့လိုက်လိုလျှင် မိမိကိုယ်ကို ငြင်းပယ်ရမည်။ မိမိလက်ဝါးကားတိုင်ကို နေ့စဉ်ထမ်း၍ ငါ့နောက်သို့ လိုက်ရမည်” လို့ မိန့်တော်မူထားပါတယ်။ (မာတေဦး ၁၆း၂၄)

ဘုရားရဲ့သားသမီးများတာဝန်ကို ကျနော်တို့ လူ့အစွမ်းအစနဲ့တော့ ပြီးမြောက်အောင် လုပ်နိုင်စွမ်းမရှိပါဘူး။ ခမည်းတော်ဘုရားက သားတော်ဘုရားယေရှုကို “ဤသူသည် ငါ၏ချစ်သားပေတည်း” လို့

ခွန်အားရစေတဲ့စကား၊ သေချာစေတဲ့အာမခံချက်ကို ကြားသိ ခံစားမိစရာ လိုအပ်ပါတယ်။ ယနေ့ ဆာလံအလိုက်လို "သခင်ဘုရားသည် ကျွန်ုပ်၏အလင်း၊ ကျွန်ုပ်၏ကယ်တင်ရှင် ဖြစ်တော်မူ၏။ ကျွန်ုပ်သည် အဘယ်သူကို ကြောက်ရပါအံ့နည်း" လို့ ပြောနိုင်ပါလိမ့်မယ်။ အဲဒီလို ဝိညာဉ်ခွန်အား ရှိလာနိုင်ဖို့ ယနေ့ ခမည်းတော်ဘုရားရဲ့အသံတော်အတိုင်း "သူ့ကို နားထောင်ကြလော့" ဆိုတာကို တစ်သွေမတိမ်း လိုက်နာပါ၊ နှုတ်တော်ထွက်စကားကို နားထောင်ပါ။ နှုတ်တော်ထွက်စကား ကျမ်းစာစကားထဲမှာသာ ကျနော်တို့အတွက် ခွန်အားနဲ့ အသိဉာဏ်အလင်းကို တွေ့ရပါလိမ့်မယ်။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းချီးမင်္ဂလာများ ခံစားကြရပါစေ။